# သူငယ်နာ

ဟိန်းဆက်သွင်



(၁)

ညောင်ပက်လက်ရွာ ဆိုတာ၊ ရန်ကုန် - မော်လမြိုင် အဝေးပြေး လမ်းမကြီးပေါ်က၊ (မွန်ပြည်နယ်၊ ပေါင်မြို့နယ်အပိုင်) ရွာတန်းရှည် ရွာကလေး တစ်ရွာပါ။ အိမ်ခြေတစ်ရာတောင် မပြည့်တဲ့ ရွာငယ်လေးပါပဲ။ ညောင်ပက်လက်နဲ့ အနီးတစ်ဝိုက်မှာ ... ဇင်းကျိုက်၊ ပန်းကုန်း၊ ကျောက်လုံးကြီး၊ ကတွန်၊ ဖြူဘ၊ ... စတဲ့ ရွာတန်းရှည်ရွာတွေ ရှိကြတယ်။ အဲဒီရွာတွေရဲ့ အရှေ့ဘက်မှာ က ဇင်းကျိုက်တောင်၊ ကုလားမတောင်၊ မင်းတစ်ရာ့တစ်ပါးတောင်၊ စတဲ့ တောင်တန်းတွေ ရှိနေတယ်။ ဆိုရရင် ... အဲဒီရွာလေးတွေက တောင်ခြေရွာလေးတွေပေါ့။ အဲဒီပတ်ဝန်းကျင်ရွာတွေမှာ နေကြတဲ့ ရွာသူရွာသားတွေရဲ့ အဓိက စီးပွားရေးက လယ်ယာလုပ်ငန်းပဲ။ တချို့ကျတော့လည်း ခြံစိုက်ပေါ့။ အဲဒီတုန်းက ... စီးပွားရေးကလည်း ကျပ်တည်းတော့၊ ကျေးရွာနေ ပြည်သူတွေဟာ သားသမီးတွေကို ဘွဲ့ရပညာတတ်တွေဖြစ်တဲ့ အထိ၊ ပျိုးထောင် မပေးနိုင်ကြဘူး။

သားယောကျ်ားလေး မွေးထားသူတွေဆိုရင်၊ အရွယ်လေး နည်းနည်း ရောက်လာတာနဲ့ ကျောင်းထုတ်ပြီးတော့၊ မိဘလက်ငုတ်လက်ရင်း ဖြစ်တဲ့ ... လယ်အလုပ်၊ ဒါမှ မဟုတ် ... ခြံအလုပ်တွေ လုပ်ခိုင်းတတ်ကြတယ်။ လယ်ပိုင်ခြံပိုင် မရှိသူတွေကလည်း သူများ လယ်မှာ သူရင်းငှား၊ သူများ ခြံမှာ ခြံအလုပ်သမားတွေ အဖြစ်နဲ့ ၊ မိသားစု စားဝတ်

နေရေးအတွက် အလုပ်လုပ်စေတယ်။ သမီးမိန်းကလေး ဆိုရင်တော့ ပို ဆိုးတယ်။ မိန်းကလေးဆိုတာ အိမ်မှုကိစ္စ နိုင်နင်းရမယ်၊ အချိန်တန်ရင် အိမ်ထောင်ပြု၊ ယောကျ်ားက လုပ်ကျွေးမယ်၊ မိန်းမက အိမ်ထောင့်တာဝ န် ကျေပြွန်ရမယ်။ ဒီလောက်ဆို ရပြီ။ အတန်းပညာ ရေးတတ်ဖတ်တတ် ရုံဆို တော်ပြီ။ မိန်းကလေးတစ်ယောက်က ဘွဲ့ရစရာ မလိုဘူး။ ဒီအစွဲ တွေ ရှိကြတယ်။ အဲဒီခေတ်က နိုင်ငံခြားထွက် အလုပ်လုပ်ဖို့ ကလည်း သိပ်မလွယ်လှသေးဘူး။ ခုလို ခေတ်လည်း မစားသေးဘူး။ ဒါကြောင့် အ နီးဆုံး အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံကို အလုပ် သွားလုပ်တဲ့ သူဆို တာ၊ ရွာတွေမှာ လက်ချိုးရေလို့ ရသေးတယ်။ ဆိုရရင်ဖြင့် ... အဲဒီရွာ လေးတွေမှာ အဲဒီတုန်းက ပညာတတ်လူတန်းစား နည်းသေးတယ်ပေါ့။ ဆယ်တန်းအောင်လို့ ကောလိပ်တက်၊ ဘွဲ့ရ ပညာတတ်ဖြစ်တဲ့ သူက သုံးလေးရွာပေါင်းမှ တစ်ယောက်စ နှစ်ယောက်စ ရှိတာ။

ညောင်ပက်လက်မှာ ဆိုရင် ... ဆယ်တန်းအောင်တဲ့ သူဆိုလို့ ၊ ရွာ လယ်ပိုင်းက ဆန်စက်သူဌေး ဦးလူတင်နဲ့ ဒေါ်သိန်းတို့ ရဲ့ တစ်ဦးတည်း သောသား မောင်သိန်းတင် တစ်ယောက်ပဲ ရှိတာ။ မောင်သိန်းတင်ကလ ည်း ဆယ်တန်းသာ အောင်ပေမဲ့၊ ဘွဲ့တော့ မရလိုက်ရှာဘူး။ ဘာလို့ ဘွဲ့မ ရလဲ မေးရင်၊ စုတ်ဝင်ရင် လာဘ်မဝင်ဘူးဆိုတဲ့ စကားနဲ့ ပဲ ဖြေရမယ်။ ဆယ်တန်း အောင်တဲ့ နှစ်မှာ ပဲ၊ ညောင်ပက်လက် မွန်အပိုင်းက ဦးကွန် ထောရဲ့ သမီး မိချမ်းထောကို ခိုးပြေးသွားလို့ ပဲ။

ဆိုကြပါစို့။ ဦးလူတင်တို့ ဘက်က၊ သဘောမတူဘူးပေါ့။ ဒါနဲ့ ပဲ သ မီးရည်းစား နှစ်ယောက် မိဘတွေ မခွဲနိုင်အောင်ဆိုပြီး ရွာကနေ ထွက်ပြေး သွားလိုက်တာ၊ မိဘတွေ စိတ်ပြေလို့ ပေးစားပါ့မယ် ဆိုတာ တောင် ဘယ်ရှာလို့ ရှာရမှန်းမသိဘူး။ သုံးနှစ်လောက် ကြာတော့မှ ကြာ အင်းဆိပ်ကြီးဘက်မှာ အခြေချနေတယ် သတင်းကြားလို့ ၊ ဦးလူတင်ကို

ယ်တိုင် လိုက်ခေါ်ခဲ့ရတယ်။ ပြန်တွေ့တော့ ... မောင်သိန်းတင်နဲ့ မိချမ်းထောမှာ ၊ နှစ်နှစ်အရွယ် သမီးလေး တစ်ယောက်တောင် ရနေပြီ။ ဒါနဲ့ ရွာပြန်ခေါ် လာပြီး မင်္ဂလာဆောင် ပေးကြတယ်။

ညောင်ပက်လက်နဲ့ အနားတစ်ဝိုက်က ရွာတွေမှာ ၊ မောင်သိန်းတင်တို့ မင်္ဂလာဆောင်ကတော့၊ အိပ်ရာဝင် ပုံပြင်လေးလိုကို ဖြစ်ကျန်ခဲ့တာပေါ့။ အကြောင်းကတော့ မိဘတွေရဲ့ မင်္ဂလာဆောင်မှာ သမီးဖြစ်သူပါ ရှိနေခဲ့တဲ့ ခပ်ဆန်းဆန်း မင်္ဂလာဆောင်မို့လို့ ပဲ။ နောက်တော့ မောင်သိန်းတင်လည်း မိဘလက်ရင်း ဆန်စက်ကို ဦးစီး၊ စီးပွားရေးကိုပဲ စောက်ချလုပ်ရင်း၊ ကောလိပ်လည်း ဆက်မတက် ဖြစ်တော့ဘဲ စီးပွားရေးသမားလုံးလုံး ဖြစ်သွားတော့တယ်။

***